## နိုင်ငံမှဖယ်ရှားရန် သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် အမိန့်ချမှတ်ခံထားရပြီး (အမေရိကန် ပြည်ထောင်စု နိုင်ငံသားနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုများဌာန) USCIS ထံမှ (ယာယီ အကာအကွယ်ပေးထားသည့် အနေအထား) TPS လက်ခံရရှိထားပြီး အနေအထား ပြင်ဆင်ပေးရန် တောင်းခံထားသူ အချို့

သင်သည် နိုင်ငံမှဖယ်ရှားရန် သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် အမိန့်ချမှတ်ခံထားရပြီး၊ ယာယီအကာအကွယ်ပေးထားသည့် အနေအထား TPS လက်ခံရရှိထားသူဖြစ်ကာ၊ ၎င်းအနေအထား၌ ကတိခံဝန်ချက်ဖြင့် ကြိုတင်ခွင့်ပြုချက်တစ်ရပ်ကို အသုံးပြု၍ ခရီးသွားခဲ့ပြီးပြန်လာခဲ့ကာ၊ နိုင်ငံမှဖယ်ရှားရန် သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန် သင့်အပေါ်ချမှတ်ထားသည့် အမိန့်ကြောင့် USCIS သည် သင်၏အနေအထားပြောင်းလဲပေးရန် သင့်လျှောက်လွှာအပေါ် စီရင်ပိုင်ခွင့် မရှိသည့်အပြင်

၁။ သင်သည် သင့်အနေအထားကို ပြောင်းလဲဖို့ လျှောက်ထားရန် ရည်ရွယ်သည်၊ သို့မဟုတ်
၂။ သင်သည် အနေအထားပြောင်းပေးရန် လျှောက်လွှာတစ်စောင် USCIS ထံ တင်သွင်းထားသည်၊
၃။ USCIS ၌ သင့်လျှောက်လွှာအပေါ် စီရင်ပိုင်ခွင့် မရှိသည့်အတွက် တစ်ခုတည်းကြောင့် အနေအထား ပြောင်းလဲပေးရန် ငြင်းဆိုခံရသည်၊ သို့မဟုတ် စီရင်ပိုင်ခွင့်မရှိခြင်းနှင့် (ခွင့်ပြုချက်ရရှိနိုင်သော်လည်း လျှောက်လွှာ မတင်ခဲ့ခြင်း သို့မဟုတ် ခွင့်မပြုနိုင်ခြင်းကိုကင်းလွတ်ခွင့်ပေးရန်အကြောင်းရင်းအတွက် စီရင်ဆုံးဖြတ်ချက်မချမှတ်ခြင်း ဖြစ်သည့်အခါ၌) ခွင့်မပြုနိုင်ခြင်း တစ်ခုတည်းအတွက် ငြင်းဆိုခံရသည် ဆိုပါက

သင်သည် ဥပဒေဆိုင်ရာ အဓိကအကြံပေး၏ (လူဝင်မှုနှင့် အကောက်ခွန်ကြီးကြပ်ရေး) ICE ရုံးအား (တရားစီရင်ဆုံးဖြတ်မှုဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် ဥပဒေဆိုင်ရာ အဓိကအကြံပေး၏ ICE ရုံး တွင် ဖတ်ရှုပါ) နိုင်ငံမှ ဖယ်ရှားရန် (သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန်) အမိန့်ကို ရုပ်စဲရန်အတွက် တရားစွဲဆိုသည့်အမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် ပူးတွဲတောင်းဆိုမှုတွင် ပါဝင်ရေး ထည့်သွင်းစဉ်းစားပေးရန် တောင်းဆိုနိုင်ပါသည်။

သင့်အားနိုင်ငံမှဖယ်ရှားရန် (သို့မဟုတ် ပြည်နှင်ဒဏ်ပေးရန်) အမိန့်ကို အထက်တွင်ဖော်ပြထားသည့်အတိုင်း ရုပ်စဲလိုက်လျှင်၊ သင်သည် USCIS ထံအနေအထားပြောင်းလဲပေးရန် လျှောက်ထားခဲ့ပြီး စီရင်ပိုင်ခွင့် မရှိသည့်အတွက် တစ်ခုတည်းကြောင့် အနေအထားပြောင်းလဲပေးရန် ငြင်းဆိုခံရသည်၊ သို့မဟုတ် စီရင်ပိုင်ခွင့်မရှိခြင်းနှင့် (ခွင့်ပြုချက် ရရှိနိုင်သော်လည်း လျှောက်လွှာမတင်ခဲ့ခြင်း သို့မဟုတ် ခွင့်မပြုနိုင်ခြင်းကိုကင်းလွတ်ခွင့်ပေးရန် အကြောင်းရင်းအတွက် စီရင်ဆုံးဖြတ်ချက် မချမှတ်ခြင်း ဖြစ်သည့်အခါ၌) ခွင့်မပြုနိုင်ခြင်း တစ်ခုတည်းအတွက် ငြင်းဆိုခံရသည် ဆိုပါက၊ သင်သည် (ရာသက်ပန် နေထိုင်သူ မှတ်ပုံတင်ရန် သို့မဟုတ် အနေအထားပြောင်းလဲရန်) ပုံစံ I-485 အသစ်တစ်စောင် တင်သွင်းနိုင်သည်၊ သို့မဟုတ် (အယူခံဝင်ခြင်း သို့မဟုတ် တောင်းဆိုခြင်း အသိပေးချက်) ပုံစံ I-290B တွင်ပါရှိသည့် အမှုပြန်လည်ဖွင့်ပေးရန် တောင်းဆိုချက် တင်သွင်းရန်အတွက် လုပ်ရိုးလုပ်စဉ် လုပ်ငန်းစဉ်များကို လိုက်နာပြီး သင်၏ အနေအထားပြောင်းလဲပေးရန် လျှောက်လွှာကိုငြင်းဆိုသည့်အမှု ပြန်ဖွင့်ပေးရန် USCIS ထံ အချိန်မရွေး တောင်းဆိုနိုင်ပါသည်။ မည်သည့်အကြောင်းအရာ ဖြစ်ကြောင်း သိစေရာ၌ အထောက်အကူပြုရန်နှင့် အချိန်မီ လျှောက်ထားခြင်း မရှိသည့်အတွက် ငြင်းပယ်ခံရမှုကို ကာကွယ်ရန် သင်၏ ပုံစံ I-290B ထိပ်ဆုံး၌ ("TPS ဖယ်ရှားရန်အမိန့်") "TPS Removal Order" ဟုရေးရပါမည်။ USCIS သည် အထက်ပါသတ်မှတ်ချက်များနှင့် ပြည့်မီသည့် အချိန်မီမတင်သွင်းသော တောင်းဆိုချက်များကို လက်ခံပါမည်။

ဤသည်ကိုအခြေခံ၍ တရားစွဲဆိုမှုတွင် ပါဝင်သော မည်သည့်ပုဂ္ဂိုလ်မဆိုသည် တရားစွဲဆိုမှုတွင်ပါဝင်သည့် အစိုးရ၏ ကိုယ်စားလှယ်မှတစ်ဆင့် လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

သင်၏လူဝင်မှုကြီးကြပ်ရေးအတွက် ဥပဒေဆိုင်ရာအကြံပေးချက်လိုအပ်ပါက၊ သင့်ကိုကူညီနေသူသည် ဥပဒေအကြံပေးရန် ခွင့်ပြုချက်ရထားသူဖြစ်ကြောင်း သေချာအောင်လုပ်ပါ။ ရှေ့နေတစ်ဦး သို့မဟုတ် တရားစီရင်ရေးဌာနမှ အသိအမှတ်ပြုထားသည့် အဖွဲ့အစည်းတွက် အလုပ်လုပ်သော အသိအမှတ်ပြုခံ ကိုယ်စားလှယ်တစ်ဦးမှသာ သင့်ကို ဥပဒေဆိုင်ရာ အကြံပေးနိုင်ပါသည်။ စာချုပ်စာတမ်းသက်သေခံ အရာရှိများ၊ လူဝင်မှုကြီးကြပ်ရေး အတိုင်ပင်ခံများနှင့် စီးပွားရေး လုပ်ငန်းများသည် ခွင့်ပြုချက်ရရှိထားသည့် ဝန်ဆောင်မှုပေးသူများ မဟုတ်ပါက သင့်အား လူဝင်မှုကြီးကြပ်ရေး ဥပဒေဆိုင်ရာ အကြံပေးခြင်း မပြုနိုင်ပါ။ ဥပဒေဆိုင်ရာ ဝန်ဆောင်မှုများ ရှာဖွေရန် နှင့် လိမ်လည်မှုများ ရှောင်ရှားရန် နောက်ထပ် အချက်အလက်များကို USCIS ၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။